# ၁၉၅၇ ခုနှစ်၊ မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အက်ဥပဒေကို ရုပ်သိမ်းခြင်းအက်ဥပဒေ။[1]

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၂ ။]

(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေ ဝေါဟာရ အက်ဥပဒေကို ရုပ်သိမ်းခြင်း အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်[2]တွင် စတင်အာဏာတည်စေရမည်။

၂။ ။ ၁၉၄၈ ခုနှစ်၊ မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အက်ဥပဒေကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အမိန့်အရ
ပါခိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

---

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်၊ စာမျက်နှာ-၁၀၇၅။

၂။ ဤအက်ဥပဒေသည် ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင်အာဏာတည်သည်။ တရားရေးဝန်ကြီးဌာန၊ ဥပဒေပြုဌာနခွဲ၏ ၂၇-၁၂-၅၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃၁၊ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ စာမျက်နှာ-၆။